## ၂၀၁၅ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြန်မာစာ — ခွင့်ပြုချိန်(၃)နာရီ

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။(က) အောက်ပါတို့အနက် တစ်ခု အကြောင်းကိုဖော်ပြပါ။ (၅မှတ်)
ပုံနှိပ်စာ၊ ဆလိမ်ပြောင်းလဲပုံ၊ စကားသံ၊ နာမ်ပစ္စည်း(၅)မျိုး၊ ကိန်း။

(ခ) အောက်ပါတို့မှ လေးခုကိုရွေး၍ အနက်အဓိပ္ပာယ်အရ မည်သည့်သမ္ဗန္ဓဖြစ်ကြောင်း ဖော်ပြပါ။ (၄မှတ်)
သော်လည်း၊ တိုင်း၊ အောင်၊ ၍၊ သကဲ့သို့၊ သို့မဟုတ်။

(ဂ) အောက်ပါတို့မှ သုံးခု ကို ကြိယာဝိဘတ်အဖြစ် ဝါကျတွင် သုံးပြပါ။ (၆မှတ်)
သည်၊ လတ္တံ့၊ လော့၊ စို့၊ ပါရစေ။

၂။(က) အောက်ပါဝေါဟာရတို့အနက် ငါးခု ၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ချိုချယ်၊ နှင်းသောက်၊ ပုံးဖာမှောက်ဆင်၊ အနုသုခုမ၊ ဂေါ်၊ အဆောင်၊ သဘင်၊ မုရင်း။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခု ကို ဝါကျအသီးသီးတွင် သုံးပြပါ။ (၅မှတ်)
ဆိတ်ဆိတ်၊ ရမ်းရော်၊ သပိတ်မှောက်၊ နယ်ရုစ်ခွင်၊ ခန္ဓာစဲ၊ ကမ်းကုန်၊ လောကဓံ၊ ကျီစား။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သက်ဆိုင်ရာသင်ခန်းစာတွင် မည်သို့
သုံးထားကြောင်းနှင့် အဘယ့်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။ (၁၀မှတ်)
ကိန္နရီကသည့်နှယ်(ဥပမာ)၊ ဆင်ကန်းတိုးသို့(ဥပမာ)၊ မင်္ဂြမ်း(ရူပက)၊
ရန်ညွန့်(ရူပက)၊ ဝါကျလက်သမား(ဝက်ဝုတ္တိ)၊ ဖြောတဖြုန်းဖြုန်း(မြည်သံစွဲ)၊
တောင်လေရှုန်းရှုန်း(မြည်သံစွဲ)၊ ကျရည်ချောင်းဖြစ်အောင်(အတိသယဝုတ္တိ)။

၃။(က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)
(၁) လေးမောင့်စံကျောင်းကို မည်သည့်ခေတ်တွင် ရေးဖွဲ့သနည်း။
(၂) ဝိဓုရသိပ္ပလူ့ကိစ္စကဗျာကို မည်သည့်ကဗျာမှ ထုတ်နုတ်ထားသနည်း။
(၃) အကျွန်တို့လယ်ကောက်စိုက်တုန်းကသည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၄) ဌာနီပြည်ကြီးကဝေးသနင့်ကို မည်သူရေးသနည်း။
(၅) တောင်သူကြီးသည် မည်မျှခွန်အားကြီးမားသနည်း။
(၆) ဦးပုည၏ငယ်ဆရာတစ်ဦးအမည်ကို ဖော်ပြပါ။
(၇) အဲချင်းစာဆိုတစ်ဦးအမည်ကို ဖော်ပြပါ။
(၈) ဟန်ချင်းကဗျာကို မည်သည့်အရပ်က စတင်ပေါ်ပေါက်သနည်း။

(ခ) နွေဦးကာလမြူထသောခါ ကဗျာမှ ထန်းသမား၏တစ်နေ့တာဘဝကို ဖော်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

ဘုန်းနှင့်ကံနှင့်ရွှေသဇင် ကဗျာတွင် သဇင်ပန်း၏ဂုဏ်အင်ကြီးမားပုံကို မည်သို့သရုပ်ဖော်
ရေးဖွဲ့ထားသနည်း။

[တစ်ဖက်သို့

၄။(က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မိခင်သောက ကို မည်သည့်ဝတ္ထုမှ ထုတ်နုတ်သနည်း။

(၂) မြန်မာစာအရေးအသားကိုးတက်စေနည်းကို မည်သူရေးသနည်း။

(၃) သိပ္ပံမောင်ဝ၏အမည်ရင်းကို ဖော်ပြပါ။

(၄) ပညာ၏ရန်သူကြီးဆိုသည်မှာ အဘယ်နည်း။

(၅) ဦးဖိုးကျား၏ ဇာတိရွာကို ဖော်ပြပါ။

(၆) အိမ်ရှေ့ကိုယ်တော်ကြီးကို မည်သည့်ခေတ်တွင် ရေးသနည်း။

(၇) ဦးပုည၏ သာမဏောဘွဲ့ကို ဖော်ပြပါ။

(၈) ဦးစိန်ဘန်း၏ကလောင်အမည်ကို ဖော်ပြပါ။

(ခ) သိဃ်သူ့သမီးစကားပြေမှ အလှူပြုပုံ၊ အမျှဝေဆုတောင်းပုံတို့ကို ပြည့်စုံစွာ တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်းစကားပြေတွင် အမှားပြုမိ၍ ရဲရင့်ခြင်း ပျောက်ကွယ်သွားသော ဦးအောင်ခွန်း၏အဖြစ်ကို မည်သို့ သရုပ်ဖော်ရေးဖွဲ့ထားသနည်း။

၅။(က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"ယူဇနာတာထောက်၊ တစ်ဝက်လဲရောက်ကပြီ၊ နောက်ကိုလော၍၊ ကရောကပါး၊
နင်မသွားနှင့်တော့၊ နင်ထားတဲ့ငွေညှို့ ပဲဝက်ခန့်ကို၊ သန့်သန့်ရှိစေ၊ အခြားရှစ်ရွေး၊
တစ်ပဲကြေးကို ငါပေးမည်။"

(ခ) ရေသည်ယောကျ်ားနှင့်ရေသည်မိန်းမတွေ့ဆုံခန်း (သို့မဟုတ်) ရေသည်ယောကျ်ားနှင့် ဥဒယမင်းကြီးတွေ့ဆုံခန်းကို သင့်စကားဖြင့် ပေါ်လွင်အောင် တင်ပြပါ။ (၈မှတ်)

၆။အောက်ပါတို့အနက် တစ်ခုကို ပေးထားသောပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) **သင်္ကြန်ပွဲတော် တို့နွဲပျော်**

ဆယ့်နှစ်ရာသီပွဲတော်များကျင်းပလေ့ရှိပုံ၊ တန်ခူးလတွင်သင်္ကြန်ပွဲကျင်းပပုံ၊ သင်္ကြန်ဟူသည်၊ ရာသီနက္ခတ်၊ ရာသီဝန်း၊ ရေမြေတောတောင်မြင်ကွင်းများနှင့်အခြေအနေ၊ ရေကစားကြပုံ၊ သင်္ကြန်နှင့်ပိတောက်ပန်း၊ ကုသိုလ်ပြုကြပုံ၊ မိမိအမြင်။

(ခ) **အချိန်ရှိခိုက် လုံ့လစိုက်**

အချိန်ဟူသည်၊ အချိန်၏တန်ဖိုး၊ လုံ့လဟူသည်၊ လုံ့လ၏တန်ဖိုး၊ အချိန်ရှိခိုက်လုံ့လစိုက်ခြင်း၏အကျိုး၊ အချိန်ရှိခိုက်လုံ့လမစိုက်ခြင်း၏အပြစ်၊ စာတွေ့ကိုယ်တွေ့သာဓကများ၊ စကားပုံဆိုရိုးနှင့်အဆိုအမိန့်များ၊ အချိန်ရှိခိုက်လုံ့လစိုက်မှ အောင်မြင်နိုင်ပုံ။

(ဂ) **ရုပ်အလှနှင့်စိတ်အလှ**

ရုပ်အလှဟူသည်၊ စိတ်အလှဟူသည်၊ ရုပ်လှသော်လည်း စိတ်မလှသူတို့၏ဖြစ်ရပ်များ၊ ရုပ်မလှသော်လည်း စိတ်လှသူတို့၏ဖြစ်ရပ်များ၊ အကျိုးအပြစ်သာဓကများ၊ မိမိ၏ အတွေးအမြင်များ။

---